**ISP** Political & Conflict Economy Tracker 2026

PCET2026-03 I April 28, 2026

# မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးပြန်စနိုင်ရန် MNDAA အဓိကဇာတ်ကောင်ဖြစ်လာ


ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးဂိတ်များနှင့် လမ်းပိုင်းများကို MNDAA က အများဆုံး ထိန်းချုပ်နိုင်ခဲ့သည်။ နယ်စပ်ကုန်သွယ်ရေး ပြန်စနိုင်ရန် တရုတ်နိုင်ငံ၊ ဦးမင်းအောင်လှိုင်အစိုးရနှင့် MNDAA တို့အကြား သုံးပွင့်ဆိုင်ဆွေးနွေးပွဲများ ဖြစ်လာနိုင်သည်။

# မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး ပြန်စနိုင်ရန် MNDAA အဓိကဇာတ်ကောင်ဖြစ်လာ

| | |
|---|---|
| ကာလ (Period) | ၂၀၂၆ ခုနှစ်၊ ဧပြီလ။ |
| ဒေသ (Regions) | မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်လမ်းမတလျှောက်ရှိ ဒေသများ။ |
| ဖြစ်စဉ်အကျဉ်း (Issues) | ၂၀၂၆ ခုနှစ် မတ်လက မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့အကြား ဖြစ်ခဲ့သော လေးရက်ကြာတိုက်ပွဲအပြီးတွင် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးကို MNDAA က ပိုမိုထိန်းချုပ်နိုင်ခဲ့သည်။ မူဆယ်-လားရှိုး ကုန်သွယ်ရေးလမ်းပေါ်ရှိ ကွတ်ခိုင်မြို့နှင့် ဆက်စပ်ကုန်သွယ်ရေးလမ်းကြောင်းများကို သိမ်းခဲ့သည်။ ထို့အပြင် နမ့်ဖတ်ကာတွင်ရှိနေသော ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ၏ အခွန်ဂိတ်များကိုလည်း ဖယ်ရှားခဲ့သည်။ |
| ပါဝင်ဖက်အုပ်စုများ (Groups Involved) | MNDAA၊ TNLA၊ မြန်မာစစ်တပ်နှင့် တရုတ်နိုင်ငံ။ |
| အခြေအနေ/ တိုးတက်မှု (Status/ Development) | MNDAA သည် ချင်းရွှေဟော်-သိန္နီ-လားရှိုးလမ်းကိုသာ ထိန်းချုပ်ထားရာမှ မတ်လ လေးရက်တိုက်ပွဲအပြီးတွင် TNLA နှင့် KIA ထိန်းချုပ်ထားသော မူဆယ်-ကွတ်ခိုင်-သိန္နီလမ်းကိုပါ သိမ်းယူထိန်းချုပ်ခဲ့သည် [ISP ညွှန်းပြမြေပုံ ၀၁၆/ ၂၀၂၆ (ISP-M2026-016) ကို ရှုပါ]။ ထို့ကြောင့် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးအပြင် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပဋိပက္ခနှင့်ဆက်နွှယ်သော စီးပွားရေးအခင်းအကျင်း၌ပါ MNDAA သည် အရေးပါသည့် လက်နက်ကိုင်အဖွဲ့ ဖြစ်လာသည်။ ကာလအတန်ကြာ ရပ်ဆိုင်းနေသော နယ်စပ်ကုန်သွယ်ရေး ပြန်စနိုင်ရန် ဘက်အသီးသီး၏ ကြိုးပမ်းမှုများတွင်လည်း MNDAA သည် အဓိကဇာတ်ကောင်တဦး ဖြစ်လာသည်။ |
| သက်ရောက်မှုများ (Implications) | ရှမ်းပြည်နယ်မြောက်ပိုင်း၏ အခြေအနေသည် တနိုင်ငံလုံး၏ နိုင်ငံရေး၊ စီးပွားရေးနှင့် ပဋိပက္ခအခင်းအကျင်းအပေါ် သက်ရောက်မှုကြီးပါသည်။ နယ်စပ်ကုန်သွယ်ရေးပြန်စနိုင်ရန် တရုတ်နိုင်ငံက ကမကထပြုပြီး ဦးမင်းအောင်လှိုင်အစိုးရနှင့် MNDAA ကြား ဆွေးနွေးကြမည့် သုံးပွင့်ဆိုင်ဆွေးနွေးမှုများ ဖြစ်လာနိုင်သည်။ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး ပြန်စနိုင်သည်နှင့် တပြိုင်နက် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ စီးပွားရေးစကြံစီမံကိန်းများအပါအဝင် ကျန်ဒေသများရှိ ဆက်စပ်စီမံကိန်းများ ဖော်ဆောင်ရေးကိုပါ တရုတ်နိုင်ငံက ပိုမိုတွန်းအားပေးလာနိုင်ခြေရှိနေသည်။ သို့သော် ပါဝင်ဖက်အသီးသီးအကြားတွင် စီးပွားရေးဆိုင်ရာ အကျိုးအမြတ်ခွဲဝေမှုအပေါ် အငြင်းပွားမှုများနှင့် တိုက်ပွဲဖော်ဆောင်မှုများ ဆက်ရှိနေနိုင်သည်။ |

# MNDAA ထိန်းချုပ်မှုအောက်က မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း၊ နယ်စပ်ဂိတ်များနှင့် စီးပွားရေးဗဟိုချက်မြို့များကို MNDAA က အများဆုံး ထိန်းချုပ်ထားသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြန်မာ-တရုတ် နယ်စပ်တကြောကို MNDAA နှင့် UWSA တို့က ညှိနှိုင်းမှုဝေထိန်းချုပ်ထားသည်။ MNDAA သည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပဋိပက္ခနှင့် ဆက်နွယ်သည့် စီးပွားရေး အခင်းအကျင်းတွင် အရေးအပါဆုံး လက်နက်ကိုင်အဖွဲ့အစည်း ဖြစ်လာသည်။




**ဒေတာအချက်အလက်-၂၀၂၆ ခုနှစ် ဧပြီ ၂၈ ရက်အထိ။** ISP-Myanmar ၏ တရုတ်ရေးရာလေ့လာမှု (China Studies) နှင့် ပဋိပက္ခ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာလေ့လာမှု (Conflict, Peace and Security Studies) သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်သည်။ ဒေတာရရှိမှု အကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။